# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေတွင်ပါရှိသော "ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကန့်သတ်အထွေထွေ ဆေးကုသခွင့်လိုင်စင်" ဆိုသည့်စကားရပ်ကို "သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ကို "သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဆေးကုသသည့် လုပ်ငန်း" ဆိုသည့်စကားရပ်ကို "အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဆေးပညာ ဆိုသည်မှာ ကျန်းမာမှု အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှု ပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။"

၄။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-"

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃)၊ (၁၀) နှင့် (၁၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ၃ ) ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊

(၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရရှိသော အငြိမ်းစားဆရာဝန်ကြီး ၁၅ ဦး၊"

၅။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( ဂ ) နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ကောင်စီဝင် ၁၆ ဦး အဖွဲ့ဝင်များ"

( ခ ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ အဖွဲ့ဝင်များထဲမှ ၁၃ ဦးကို ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်အဖွဲ့ဝင်သုံးဦးကို ကောင်စီဥက္ကဋ္ဌက တိုက်ရိုက်ရွေးချယ်ရမည်။"

၇။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၉ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။"

၈။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ အခန်း (၅) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ"**

၉။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-"

၁၀။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊"

၁၁။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ခ ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။"

( ခ ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ (က) ကောင်စီသည် မှတ်ပုံတင် ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရသော ဆရာဝန်တစ်ဦးဦးသည် ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီး ဖြစ်သည်ဟု ခံယူပါက ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ဂ) ကောင်စီသည် ပုဒ်မခွဲ (ခ) အရ ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ပြန်လည်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်